**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ဒေါ်ဆွမ်လွတ်ရွှယ်ဂျာ ပျောက်ဆုံးမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်အမှတ် (၆/၂၀၁၄)**

ရည်ညွှန်းသည့်ဥပဒေ။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ

၂၀၁၄ ခုနှစ်ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၁)(၂၈-၃-၂၀၁၄)

၁။ ၂၈-၁၀-၂၀၁၄ ရက်စွဲပါ အဖွဲ့အစည်း ၁၂၃ ဖွဲ့၏အမည်များကို ဖော်ပြထားပြီး၊ Kachin Peace Network မှ ပုဂ္ဂိုလ် ၂ ဦးလက်မှတ်ရေးထိုးထားသည့် ဒေါ်ဆွမ်လွတ်ရွှယ်ဂျာ ပျောက်ဆုံးမှုနှင့် ပတ်သက်သော တိုင်ကြားစာကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၃၀-၁၀-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့ပါသည်။

၂။ ဤကိစ္စနှင့် ပတ်သက်သော တိုင်ကြားစာကို ယခင်ကလည်း လက်ခံရရှိခဲ့သဖြင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် ၃၁-၁၂-၂၀၁၂ နေ့တွင် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးသို့ပေးပို့ အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၃။ ယခုထပ်မံ၍ ဤကိစ္စအား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၁၈-၁၁-၂၀၁၄ နေ့တွင် တိုင်ကြားစာများ စိစစ်ရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၆၁/၂၀၁၄)၌ ဆွေးနွေးပြီး၊ ၂၄-၁၁-၂၀၁၄ နေ့တွင် တိုင်တန်းချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေကို ပြန်ကြားပေးပါရန် ကာကွယ်ရေးဝန်ကြီးဌာနသို့ ထပ်မံပေးပို့ခဲ့ပါသည်။

၄။ ထို့နောက်ယခင်တိုင်တန်းချက်များနှင့်ဆောင်ရွက်ချက်များအားပြန်လည်ဖတ်ရှုသုံးသပ်ခြင်း အခင်းဖြစ်ပွားရာဒေသအား မြေပုံပေါ်တွင်ကြည့်ရှုလေ့လာခြင်း၊ နယ်မြေဒေသအခြေအနေများအား စုံစမ်းခြင်း၊ လက်မှတ်ရေးထိုးတိုင်ကြားသူ ၂ ဦးအား ကော်မရှင်ရုံးသို့ ဖိတ်ကြား၍ သိရှိလိုသော အချက်အလက်များအား မေးမြန်းခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ ၎င်းတို့ ၂ ဦးအနက် ၁ ဦးသည် ၁၂-၁၂-၂၀၁၄ နေ့တွင် လာရောက်တွေ့ဆုံခဲ့သော်လည်း အခြား ၁ ဦးသည် လာရောက်ခြင်းမရှိခဲ့ပါ။

၅။ ထို့ပြင် ဤအမှုနှင့်ပတ်သက်၍ သိရှိနိုင်ဘွယ်ရှိသည်ဟု ယူဆသည့် အောက်ပါပုဂ္ဂိုလ်များထံမှ အဝေးရောက်သက်သေထွက်ဆိုချက်များရယူရန် တိုက်ရိုက်ဆက်သွယ် အကြောင်းကြားခြင်း၊ ၎င်းတို့နှင့် သက်ဆိုင်သည့် ဌာနများသို့ အသိပေးခြင်းများ ပြုလုပ်ခဲ့ပါသည်-

(က) အခင်းဖြစ်ပွားမှုနှင့် ပတ်သက်သော ခြေလျင်တပ်ရင်း၏ တပ်ရင်းမှူး၊

(ခ) မြို့နယ်တရားသူကြီး၊ မိုးမောက်မြို့၊

(ဂ) မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မိုးမောက်မြို့၊

(ဃ) ရဲစခန်းမှူး၊ လွယ်ဂျယ်ရဲစခန်း၊ မိုးမောက်မြို့နယ်။

၆။ ထိုသို့ဆောင်ရွက်နေစဉ် ၂၂-၁၂-၂၀၁၄ နေ့၌ ကာကွယ်ရေးဝန်ကြီးဌာန၏ ပြန်ကြားစာကို ရရှိခဲ့ပါသည်။ ၎င်းစာတွင် ဖော်ပြချက်များအရ ဒေါ်ဆွမ်လွတ်ရွယ်ဂျာပျောက်ဆုံးမှုနှင့် ပတ်သက်၍ ခင်ပွန်းဖြစ်သူဦးဒေါင်လွမ်းက "ရှေ့တော်သွင်း စာချွန်တော်အမိန့်" ရလိုကြောင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လျှောက်ထားခဲ့ရာ ပြည်ထောင်စုတရားသူကြီးချုပ်၊ တရားသူကြီး ဦးမြင့်အောင်က " **၁-၃-၂၀၁၂ နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ နှစ်ဘက်လျှောက် ထားချက်များကို အပြီးသတ်ကြားနာခဲ့ကြောင်း၊ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ ကျမ်းကျိန်တင်ပြချက်များအရ လျှောက်ထားသူ၏ဇနီးအား အမှတ်(၃၂၁) ခြေလျင်တပ်ရင်းမှ ဖမ်းဆီးချုပ်နှောင်ထားသည်ဟု အထင်အရှား ကောက်ယူနိုင်ခြင်းမရှိ၍ လျှောက်ထားသူ၏ အထွေထွေလျှောက်လွှာကို 'ပလပ်' လိုက်ကြောင်း**" အမိန့်ချမှတ်ခဲ့ပြီးဖြစ်သည်ဟု သိရှိရပါသည်။

၇။ ရည်ညွှန်းပါ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ၏ ပုဒ်မ ၃၇ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

**"ကော်မရှင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့်ငြိစွန်းသောတိုင်တန်းချက်ကို စုံစမ်းစစ်ဆေး ခြင်း မပြုလုပ်ရ-**

(က) **တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌စစ်ဆေးကြားနာဆဲအမှုများနှင့် တရားရုံးတခုခု ၏စီရင်ဆုံးဖြတ်ချက် အပေါ်အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများ၊**

(ခ) **တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများ။"**

၈။ အများပြည်သူ သိရှိနိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်